# News Release

HITACHI
Inspire the Next

**FOR IMMEDIATE RELEASE**


**Contacts:**

Singapore: Satoko Yasunaga
Hitachi Asia Ltd.
+65-6231-2410
ccg@has.hitachi.com.sg

Japan: Tamie Nagamoto
Hitachi, Ltd.
+81-3-5208-9324
tamie.nagamoto.mc@hitachi.com


## HITACHI ရန်ကုန်မြို့၌ တည်ထောင်ထားသည့် ဌာနခွဲ

**တိုကျိုမြို့၊ ၂၀၁၂ ခုနှစ် ၊ နိုဝင်ဘာလ (၂၆) ရက်** -- Hitachi Asia Ltd. ယနေ့ကြေညာသည်မှာ ရန်ကုန်ဌာနခွဲ Hitachi Asia (Thailand) Co., Ltd ကို ရန်ကုန်မြို့၌ တည်ထောင်ဖွင့်လှစ်ပါသည်။ ယခုမှစ၍ ""မြန်မာ"" ဟု ခေါ်တွင်မည် ဖြစ်ပါသည်။ ရန်ကုန်ဌာနခွဲသည် ယနေ့မှစ၍ လုပ်ငန်းများကို စတင်အကောင်အထည်ဖေါ်ပါသည်။

မြန်မာသည် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ပထဝီအနေအထားအရ တရုပ်နှင့်အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ ဝင်နိုင်ငံများနှင့် နီးကပ်စွာတည်ရှိသောကြောင့် များစွာအကျိုးဖြစ်ထွန်းစေပါသည်။ လူဦးရေ (၆၂) သန်း ရှိသော နိုင်ငံအနေဖြင့် အလားအလာရှိသော စားသုံးသူ ဈေးကွက်နိုင်ငံဖြစ်လာနိုင်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြီးမားသော မျှော်လင့်ချက်များဖြင့် နိုင်ငံအသီးသီးမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ ဈေးကွက်သို့ ရောက်ကြရန် စီစဉ်ဆောင်ရွက် နေကြပါသည်။ ယင်းအခြေအနေကြောင့် နိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံများ၌ တိုးတက်မှုများ ရရှိလာမည်ဖြစ်ပါသည်။

Hitachi သည် မြန်မာနိုင်ငံ၌ လူမှုရေးအခြေခံ အဆောက်အအုံ၌ ဖွံ့ဖြိုးတိုးတက်အောင် ကြာရှည်စွာ ကူညီပံ့ပိုးလာခဲ့ပါသည်။ သိသာထင်ရှားစွာဖြင့် ကုမ္ပဏီသည် စွမ်းအင်ထုတ်လုပ်ရေး စက်ကိရိယာ တန်ဆာပလာများကို ဓါတ်အားပေးစက်ရုံများ၌ ၁၉၅၀ ခုနှစ်ကတည်းကပင် ဖြည့်ဆည်းကူညီပေးခဲ့ ပါသည်။ သတင်းအချက်အလက်များ စုဆောင်းရန်နှင့် ဒေသန္တရဈေးကွက်ကို သုတေသနပြုလုပ်ရန်အတွက် Hitachi အနေဖြင့် ရန်ကုန်ဌာနခွဲကို တည်ထောင်ဖွင့်လှစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ Hitachi Group သည် အဓိကကုန်သွယ်မှု စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်စေရန် ""လူမှုရေးတီထွင်မှု စီးပွားရေး"" မျက်နှာစာဖြင့် ချဲ့ထွင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းအချက်သည် ကမ္ဘာအနှံ့ အသိအမှတ်ပြုသည့် တာရှည်တည်တံ့ သောမြန်မာနိုင်ငံအဖြစ် ပေါ်ထွန်းဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။ ""လူမှုရေးတီထွင်မှု

စီးပွားရေး”” သည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစံနစ်များ ပါဝင်ပတ်သက်ပြီး စက်မှုပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းများလည်း ပါဝင်ကြ၍ ဝတ္တုပစ္စည်းများနှင့် သော့ချက်ကြသော အကြံအဖန် တည်ထွင်ချက်များ ပါဝင်ကြပါသည်။

ရန်ကုန်ဌာနခွဲကို ခြုံငုံ သုံးသပ်ချက်
အမည် Hitachi Asia (Thailand) Co., Ltd. (ရန်ကုန်ဌာနခွဲ)

ကိုယ်စားလှယ် - Tsunehiro Takahashi

အထွေထွေမန်နေဂျာ
နေရပ်လိပ်စာ - အခန်း (၇၀၃)၊ (၇) လွှာ၊ FMI စင်တာ၊ အမှတ် (၃၈၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ ။

**Hitachi Asia Ltd. အကြောင်း**

Hitachi Asia Ltd., သည် Hitachi.,Ltd ၏လက်အောက် ခံကုမ္ပဏီတစ်ခုဖြစ်ပြီး 1989 ခုနှစ်တွင် စင်ကာပူနိုင်ငံတွင်တည်ထောင်ခဲ့ ပြီး အာရှနိုင်ငံများ Indonesia, Malaysia, Philippines, Singapore, Thailand, and Vietnam နိုင်ငံများ၌ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖေါ်ဆောင်လုပ်ကိုင်ခဲ့ကြပါသည်။ ၄င်းစီးပွားရေးလုပ်ငန်းများတွင်သတင်းအချက်အလက်စနစ်၊ စက်မှု စွမ်းအားနှင့်ဆိုင်သောလုပ်ငန်းစနစ်၊ ဒီဂျစ်တယ်ပြန်ကြားဆက်သွယ်ရေးစနစ်၊ နှင့် အပြည်ပြည် ဆိုင်ရာဝယ်ယူခြင်း၊ပို့ဆောင်ခြင်းစနစ်တို့ပါဝင်ပါသည်။ Hitachi Asia နှင့်စပ်လျဉ်း၍ သတင်းအသေး စိတ်ထပ်မံရရှိနိုင်ရန် ဝက်ဘ်ဆိုက် http://www.hitachi.com.sg . ဆက်သွယ်နိုင်ပါသည်။

**Hitachi, Ltd.အကြောင်း**

Hitachi (TSE - 6501) သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဌာနချုပ်အခြေစိုက်ထား၍ ၊ အီလက် ထရွန်းနစ်

ပစ္စည်းဆိုင်ရာ ကမ္ဘာ့အနှံ့ကျော်ကြားသော ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါသည်။ ကမ္ဘာအနှံ့ ကုမ္ပဏီခွဲ များ၌ စုစုပေါင်း ဝန်ထမ်းပေါင်း ခန့်မှန်းခြေ (၃၂၀,၀၀၀) ရှိပါသည်။ ၂၀၁၁ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ စာရင်းပိတ်ချိန်၌ စုစုပေါင်း အခွန်ငွေပေါင်းမှာ ဂျပန်ယမ်း ၉၆၆၅ ဘီလီယံ ကုငွေ - အမေရိကန်ဒေါ်လာ ၁၁၇.၈ ဘီလီယံကုငွေ ရရှိပါသည်။ Hitachi သည် ““လူမှုရေးစီးပွားကုန်သွယ်မှု တီထွင်ကြံဆမှု”” ကို အထူးပြု၍ သတင်းအချက်အလက် ဆက်သွယ်ရေး ပါဝါစံနစ်မှာ စက်မှုပို့ဆောင်ရေးနှင့် မြို့ပြကဏ္ဍဖွံ့ဖြိုးမှုကို ရှုပ်ထွေးလှသောပစ္စည်းများနှင့် နည်းပညာရပ်များဖြင့် တွန်းအားပေးဆောင်ရွက်ပါသည်။ Hitachi နှင့်စပ်လျဉ်း၍ သတင်းအသေးစိတ် ထပ်မံရရှိနိုင်ရန် ဝက်ဘ်ဆိုက် http://www.hitachi.com ဆက်သွယ်နိုင်ပါသည်။

# # #